ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---

# အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆို လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့ကြပြီး ပြည်သူနှင့်အတူ ရပ်တည်ပေးနေခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ လူမှုဘဝဖူလုံရေးနှင့် လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အလုပ်ထုတ်ခံရခြင်း၊ မတရား ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ ပင်စင်ခံစားခွင့်မရခြင်း၊ လတ်တလော ကွယ်လွန်သည့် အခါတွင်ပင် နိုင်ငံ့ဝန်ထမ်းတဦးအနေဖြင့် ခံစားခွင့် မရရှိခြင်း စသည့် မတရားဖိနှိပ်မှုများကို ခံစားနေကြရပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဌာနခွဲအသီးသီးရှိ CDM ဝန်ထမ်းများကို ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ဝန်ထမ်းအိမ်ရာများမှ နှင်ထုတ်ခြင်း၊ ပြည်သူ့အစိုးရက ပြန်ဆပ်ရန်မလိုဟု ထုတ်ပြန်ထားသည့် ၂ လစာ ချေးငွေများ ပြန်လည်တောင်းခံခြင်း တို့ကို ကျူးလွန်နေသည့် တရားမဝင်အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ အောက်ပါဝန်ထမ်းအကြီးအမှူးများကို အမည်ပျက်စာရင်းဝင်သူများအဖြစ် သတ်မှတ်ကြေညာလိုက်ပြီး ၎င်းတို့အားလုံးကို နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (dismiss) ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

| စဉ် | အမည် | ရာထူး | ဌာန |
|---|---|---|---|
| ၁။ | ဦးသန်းဇော် | အမြဲတမ်းအတွင်းဝန် | ဝန်ကြီးရုံး |

| | | | |
|---|---|---|---|
| ၂။ | ဦးမင်းမင်းဦး | ဒု-အမြဲတမ်းအတွင်းဝန် | ဝန်ကြီးရုံး |
| ၃။ | ဦးဝင်းမော် | ညွှန်ကြားရေးမှူးချုပ် | ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန |
| ၄။ | ဦးရွှေမော် | ညွှန်ကြားရေးမှူးချုပ် | ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန |
| ၅။ | ဦးဉာဏ်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း |
| ၆။ | ဦးအောင်မြင့် | ဦးဆောင်ညွှန်ကြားရေးမှူး | မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း |
| ၇။ | ဦးအောင်ကျော်ထူး | ဒု-ညွှန်ကြားရေးမှူးချုပ် | ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန |
| ၈။ | ဦးထက်သျှန်ဖြိုး | ဒု-ညွှန်ကြားရေးမှူးချုပ် | ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန |
| ၉။ | ဦးအောင်မင်း | ဒု-ဦးဆောင်ညွှန်ကြားရေးမှူး | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း |

**ဦးစိုးသူရထွန်း**
**ပြည်ထောင်စုဝန်ကြီး**